**လက်မှုအနုပညာပစ္စည်းကဏ္ဍပို့ကုန်မဟာဗျူဟာအကောင်အထည်ဖော်ရေးကော်မတီအစည်း အဝေးကျင်းပခြင်း။**

လက်မှုအနုပညာပစ္စည်းကဏ္ဍ ပို့ကုန်မဟာဗျူဟာအကောင်အထည်ဖေါ်ရေး ကော်မတီအစည်းအဝေးကို၂၀၂၀ပြည့်နှစ်၊ဇန်နဝါရီလ (၁၇) ရက်နေ့တွင် ရန်ကုန်မြို့၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ MITC ၌ကျင်းပပြုလုပ်ခဲ့ပါသည်။အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးကအဖွင့် အမှာစကား ပြောကြားခဲ့ပါသည်။ အစည်းအဝေးမှ CBI ၏(HDHT) စီမံကိန်းက ထောက်ပံ့ပေးမည့် ကုမ္ပဏီ (၁၅)ခု ရွေးချယ်ဆောင်ရွက်သွားရန်၊ ၂၀၂၀ပြည့်နှစ်၊ မတ်လ၅ရက်နေ့နှင့် ၆ရက်နေ့တို့ တွင် ကျင်းပပြုလုပ်မည့် CBI၏(HDHT) စီမံကိန်း Kick-off meeting သို့တက်ရောက်ပေးရန်၊ လက်မှု အနုပညာပစ္စည်းများပြည်ပသို့တင်ပို့ရာတွင် Freight forwarding agents များကို MITC မှ ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ ကြိမ်/ဝါးထုတ်ကုန်ပစ္စည်းများအကြောင်းကို Myantrade ဝက်ဘ်ဆိုက်တွင်အချက်အလက်များလွှင့်တင်ထားရန်၊ လက်မှုပစ္စည်းကဏ္ဍ ပို့ကုန်မဟာဗျူဟာ ရေးဆွဲနိုင်ရေး နည်းပညာဆိုင်ရာ အကူအညီပေးရန်တို့ကို ဆွေးနွေးခဲ့ကြပါသည်။ အစည်းအဝေးသို့ ကဏ္ဍနှင့် သက်ဆိုင်သည့် အစိုးရနှင့် ပုဂ္ဂလိကမှ တာဝန်ရှိသူ စုစုပေါင်း (၃၅) ဦး တက်ရောက်ခဲ့ ကြပါသည်။

NES Unit